# ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ သည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၂ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၈ ခုနှစ်၊ မသန်မစွမ်းဖြစ်လာသူများအလုပ်ရရှိရေးအက်ဥပဒေ ပုဒ်မ ၂ တွင် အပိုဒ် (ဂ) အစား အောက်ပါကို၊ အပိုဒ် (ဂ) အဖြစ်ထည့်သွင်းရမည်။

''(ဂ) 'အဖွဲ့' ဆိုသည်မှာ၊ ပုဒ်မ ၃ အရ ဖွဲ့စည်းသော မသန်မစွမ်းဖြစ်လာသူများ လူစဉ်မှီရေးနှင့်အလုပ်ရရှိရေးအဖွဲ့ကို ဆိုလိုသည်။''

၃။ ။အဆိုပါ အက်ဥပဒေပုဒ်မ ၃ တွင်၊ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

''(၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ လူမှုဝန်ထမ်းဌာန တာဝန်ခံ ပြင်၊ အစိုးရကခန့်ထားသည့် ငါးဦးအောက်မနည်း၊ ဆယ်ဦးထက်မများသော အခြားပုဂ္ဂိုလ်များပါဝင်သည့် မသန်မစွမ်းဖြစ်လာသူများ လူစဉ်မှီရေးနှင့် အလုပ်ရရှိရေးအဖွဲ့ဟု ခေါ်တွင်သောအဖွဲ့တခုကို ဖွဲ့စည်းရမည်။ လူမှုဝန်ထမ်းဌာနတာဝန်ခံသည်၊ အဆိုပါအဖွဲ့၏ဥက္ကဋ္ဌဖြစ်ရမည်။''